# Highlights from DVB Debate's Civil-Military Relations Show

## June 18, 2016

## "Is Civil-Military Power Balanced?"

"၂၀၀၈ ဖွဲ့စည်းပုံ မူအတိုင်း တပ်မတော်က လက်ရှိအစိုးရကို ဆက်ဆံနေတယ်. ၂၀၀၈ ဖွဲ့စည်းပုံကိုပြင်မယ်ဆိုတာ ပြောထားပေမယ့် တပ်မတော်ကမှာ timeframe မရှိဘူး၊ အန်အယ်လ်ဒီအနေနဲ့ ၅ နှစ်အတွင်းတော့ ပြင်နိုင်အောင်ကြိုးစားရမှာဆိုတော့ ၅ နှစ်ကျော်သွားပြီးရင် အရပ်ဘက် စစ်ဘက်ဆက်ဆံရေး ဘယ်လိုဖြစ်လာမလဲ မပြောတတ်ဘူး"

ဦးကျော်ဇေယျ - ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးအမတ်

---

"ပြည်တွင်းစစ် မရပ်စဲသေးသရွေ့ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး လိုသလောက် ရမှာမဟုတ်ဘူး"

ဒေါ်စောမြရာဇာလင်း - ရခိုင်အမျိုးသမီးအစည်းအရုံး ဥက္ကဋ္ဌ

---

"လက်ရှိအချိန်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရအနေနဲ့ တပ်မတော်နဲ့ ချိန်ညှိနေရတဲ့အချိန်. ချိန်ညှိမှုတခုပေါ်တော့ ရောက်လာနေပြီ တပ်မတော်နဲ့ အန်အယ်လ်ဒီအစိုးရ အခင်းအကျင်းဟာ ညီညွတ်ရေးကို သွားနေတာဖြစ်လို့ ဒီမိုကရေစီအရေး ထောက်တိုင်က ကြည့်တဲ့သူတွေအတွက်တော့ အားမရစရာ ဖြစ်နေမှာပဲ"

ဒေါက်တာ တင်မောင်သန်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---

"အာဏာသိမ်းမှုတွေ မရှိတော့တာနဲ့ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေး ကောင်းနေတယ်လို့တော့ ထင်ထားလို့မရဘူး. ဒီလိုအချိန်မျိုးတွေမှာ တပ်မတော်က အင်အားကြီးလာတာ၊ အကျိုးစီးပွားတွေ ကာကွယ်ခွင့်ရတာမျိုး ဖြစ်လာနိုင်တယ်. ဒါကြောင့် အရပ်ဘက်ကနေ စစ်ဘက်ကို ထိန်းချုပ်နိုင်မှုက လိုလာတယ်"

ဦးစိုးမြင့်အောင် - တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့ ဒါရိုက်တာဘုတ်အဖွဲ့

---

"စစ်ဘက်-အရပ်ဘက်ဆက်ဆံရေး ပြိုလဲခဲ့တာ ဘာကြောင့်လဲ 'စစ်သားလာရင် ပြေး' ဆိုတဲ့ အမြင် ပြည်သူတွေဆီမှာ မရှိတော့အောင် လုပ်ဖို့လိုတယ်။ သေနတ်ပြောင်းဝကနေ ကျည်ဆန်ထွက်မယ့်အစား ရိက္ခာတွေ ထွက်အောင်၊ ရေရအောင် ဆိုတာမျိုး ဖြစ်လာဖို့လိုတယ်။ အတိတ်ကဖြစ်ရပ် သင်ခန်းစာတွေအပေါ်မှာ ဘယ်လို ကုစားမလဲ စဉ်းစားရမယ်"

ဒေါ်စောမြရာဇာလင်း - ရခိုင်အမျိုးသမီးအစည်းအရုံး ဥက္ကဋ္ဌ

---

"ကျနော့်အမြင်အရ အရပ်ဘက်-စစ်ဘက် ဆက်ဆံရေးကောင်းဖို့ရာ ပြည်ထောင်စုအဆင့်မှာ ကာချုပ်နဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ပေါ့ သူတို့ ဆက်ဆံရေး ပြေလည်ရင် ဖြစ်တယ်. ဘာကြောင့်လဲ တပ်မှာက အထက် အောက် အမိန့်နဲ့ စီးဆင်းတာ. ကာကွယ်ရေးဦးစီးချုပ်က မီးစိမ်းပြရင် ဆက်ဆံရေးတွေ အဆင်ပြေသွားမယ်"

ဦးကျော်ဇေယျ - ဒုတိယဗိုလ်မှူးကြီး(ငြိမ်း)၊ ရန်ကုန်တိုင်းဒေသကြီးအမတ်

---

"ဒီမိုကရက်တစ်တပ်မတော် မဖြစ်နိုင်ဘူးဆိုတဲ့ ဦးကျော်ဇေယျ ဆွေးနွေးတာကို တိုင်းရင်းသားတဦးအနေနဲ့ဆိုရင် မထောက်ခံနိုင်ဘူး။ ကျနော်တို့ နိုင်ငံ မငြိမ်းချမ်းမှုတွေက စစ်တပ်တွေ အချင်းချင်းကြားမှာ ဖြစ်နေတဲ့ ပြဿနာ။ ကာချုပ် မင်းအောင်လှိုင်အနေနဲ့ တိုင်းရင်းသား တပ်တွေနဲ့ ဘယ်လောက်ညှိနိုင်မလဲ ဒါပေါ်မှာ မူတည်တယ် မဖြစ်လာနိုင်ဘူးဆိုတာတော့ မရှိနိုင်ဘူး"

မောင်စုလှိုင် - တက္ကသိုလ်ကျောင်းသားတဦး

---

"စစ်တပ်ကို ကွပ်ကဲစောင့်ကြပ်မှု ပေးနိုင်မယ့် အရပ်ဘက်က စောင့်ကြည့်မယ့် ယန္တရားတွေ လိုအပ်တယ်ဗျ။ လောလောဆယ် အခြေအနေက အရပ်ဘက်က စောင့်ကြည့်မှုမလုပ်နိုင်ဘူး စစ်တပ်ကနေတောင် အရပ်သားကို ပြန်လည် စောင့်ကြည့်နေတဲ့ ယန္တရားမျိုးပဲ ရှိနေတယ်"

ဦးစိုးမြင့်အောင် - တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့ ဒါရိုက်တာဘုတ်အဖွဲ့ဝင်

---

"တပ်မတော်ရဲ့ ဘတ်ဂျက်၊ လက်နက်ဝယ်ယူမှု စတဲ့ ကိစ္စတွေမှာ အရပ်ဘက်က.၊ လွှတ်တော်ဘက်ကနေ ၂၀၀၈ ဖွဲ့စည်းပုံထဲက အချက်တွေ ထုတ်ပြီး ထိန်းလို့ရတာတွေရှိတယ်. လက်ရှိမှာ အရပ်ဘက်က ပါဝင်နိုင်မှု နည်းကောင်းနည်းနိုင်ပေမယ့်.."

ဒေါက်တာ တင်မောင်သန်း - နိုင်ငံရေးလေ့လာသုံးသပ်သူ

---